အခြေပြဇယား


၂၀၂၀ ခုနှစ်၊ ဇွန်လ ၅ ရက်

# ထိုင်း-မြန်မာနယ်စပ်တလျှောက် ယာယီခိုလှုံရာစခန်းကိုးခုအတွက် ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါဖြစ်ပွားမှုကိုတုံ့ပြန်သော လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့

## လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့

၁။ နိုင်ငံတော်အဆင့်

၂။ ပြည်နယ်အဆင့်




**0** ရောဂါဖြစ်ပွားမှု အစီရင်ခံတင်ပြခြင်း

စခန်းများဆီသို့ လိုအပ်သော ဝန်ဆောင်မှုများ ဖြန့်ဝေခြင်း

| | |
|---|---|
| စိုးရိမ်ပူပန်မှုနှီးနှောဖလှယ်ခြင်း | ✓ လိုအပ်လျှင်လိုအပ်သလို |
| ရောဂါစီမံခန့်ခွဲခြင်း | ✓ |
| စောင့်ကြည့်လေ့လာခြင်း၊စုံစမ်းစစ်ဆေးခြင်းနှင့် ဖြစ်ပွားမှုကို မြန်မြန်ဆန်ဆန်တုံ့ပြန်မှုပေးခြင်း | ✓ |
| ကူးစက်ရောဂါတားဆီးကာကွယ်ခြင်းနှင့်ထိန်းချုပ်ခြင်း (IPC) | ✓ |
| စားနပ်ရိက္ခာ | ✓ |
| ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထောက်ခံအားပေးခြင်း | ✓ လိုအပ်လျှင်လိုအပ်သလို |

## လူဦးရေဖော်ပြချက်ဇယား


*၂၀၂၀ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ UNHCR ၏ လူဦးရေဖော်ပြချက်ဇယား

**လူဦးရေစုစုပေါင်း ၉၃၃၅၅ ဦး**

| | အသက် ၅ နှစ်အောက် | ၅-၁၇ နှစ် | ၁၈-၅၉ နှစ် | ၆၀ နှစ် +အထက် | မ | ကျား |
|---|---|---|---|---|---|---|
| ဘန်းဒွန်ယမ်း | 10% | 31% | 52% | 7% | 51% | 49% |
| ဘန်းမယ်စူရင်း | 9% | 34% | 52% | 6% | 50% | 50% |
| မယ်လ | 7% | 32% | 55% | 7% | 51% | 49% |
| မယ်လအူး | 12% | 32% | 49% | 6% | 50% | 50% |
| မယ်ရာမလွှမ် | 11% | 32% | 51% | 6% | 50% | 50% |
| မယ်နိုင်းစွယ် | 8% | 31% | 54% | 8% | 49% | 51% |
| နိုဖိုး | 8% | 30% | 56% | 5% | 51% | 49% |
| ထမ်းဟင် | 8% | 34% | 52% | 6% | 52% | 48% |
| အုန်းဖြန် | 7% | 30% | 56% | 7% | 50% | 50% |

## ရန်ပုံငွေအခြေအနေ(USD)

*ဤရန်ပုံငွေလိုအပ်ချက်များသည်လက်ရှိသုံးစွဲနိုင်သည့်လိုအပ်ချက်များအပေါ် အခြေခံ၍ ၆ လ အတွက်သာဖြစ်သည်




| | | | |
|---|---|---|---|
| စိုးရိမ်ပူပန်မှုနှီးနှောဖလှယ်ခြင်း | 28% | 72% | 1,200,000 |
| အမှုစီမံခန့်ခွဲခြင်း | 50% | 50% | 849,060 |
| စောင့်ကြည့်လေ့လာခြင်း၊စုံစမ်းစစ်ဆေးခြင်းနှင့် ဖြစ်ပွားမှုကို မြန်မြန်ဆန်ဆန်တုံ့ပြန်မှုပေးခြင်း | 50% | 50% | 176,220 |
| ရောဂါတားဆီးကာကွယ်ခြင်းနှင့်ထိန်းချုပ်ခြင်း IPC) | 50% | 50% | 560,700 |
| စားနပ်ရိက္ခာ | 42% | 58% | 1,608,000 |
| ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထောက်ခံအားပေးခြင်း | 20% | | 202,000 |

ADRA CDC IOM Malteser International UNHCR World Health Organization The Border Consortium International Rescue Committee

# ထိုင်း-မြန်မာနယ်စပ်တလျှောက် ယာယီခိုလှုံရာစခန်းကိုးခုအတွက် ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါဖြစ်ပွားမှုကိုတုံ့ပြန်သော လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့

## စိုးရိမ်ပူပန်မှုနှီးနှောဖလှယ်ခြင်း

ADRA (ACTED, COERR, JRS, HI, IRC, SCI, FilmAid, MI, UNHCR, TBC)*

**အဓိကအကြောင်းအရာ** လူမှုရေးအကွာအဝေးများအရ ဒုက္ခသည်များထံ အချိန်မီဆက်သွယ်ရောက်ရှိနိုင်ခြင်း၊ ဖုန်းနှင့်အင်တာနက် အကန့်အသတ်ရှိခြင်း၊ လူမှုရေးအကွာအဝေးနှင့်လှုပ်ရှား သွားလာမှု ကန့်သတ်ချက်များအပေါ် နိုးနိုးကြားကြားရှိခြင်း

- ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးနှင့်တုံ့ပြန်ရေးဆိုင်ရာသတင်းစကားများကို ကရင်၊မြန်မာနှစ်ဘာသာဖြင့် ဒုက္ခသည်များထံ ဆက်လက်ဝေမျှပေးခြင်း၊ ကာကွယ်စောင့်ရှောက်မှုအထူးလိုအပ်နေသူများအပါအဝင် အုပ်စုငယ် ၇၀၀၀ ကျော်နှင့် ဆွေးနွေးမှုများပြုလုပ်ခြင်း၊ နံရံကပ်ပိုစတာများ၊ လက်ကမ်းစာစောင်များ၊ ပီအေစနစ်ဖြင့်ကြေငြာချက်များထုတ်ပြန်ခြင်း၊ ဗွီဒီယိုများနှင့် ဝက်ဆိုက်လင့်များ ဝေမျှပေးခြင်း စသည်တို့ ပါဝင်သည်။ အပတ်စဉ်မီဒီယာစောင့်ကြည့်လေ့လာရေးအစီရင်ခံစာကို ဆက်သွယ်ရေးဆိုင်ရာကွန်ယက်များတလျှောက် ချိတ်ဆက်ဆက်သွယ်ခဲ့ပြီး စခန်းများရှိ စခန်းကော်မတီများနှင့် သတင်း စင်တာများထံသို့ ဝေမျှပေးခဲ့သည်။
- သင်တန်းလမ်းညွှန်နှင့်အတူကာကွယ်ရေးအဖွဲ့မှထုတ်ဝေထားသည့် နေအိမ်အလည်အပတ်ပြုခြင်းဆိုင်ရာကျင့်ဝတ်များပါဝင်သော သင်တန်းကို စခန်းကိုးခုလုံးရှိ RCCE လူထုပါဝင်ဆောင်ရွက်ရေးလုပ်သား ၂၀၀ ကျော်အား သင်တန်းပို့ချပေးခဲ့ခြင်း
- စိတ်ဖိစီးမှုစီမံခန့်ခွဲခြင်းနှင့်ကိုယ်စိတ်နှစ်ဖြာကောင်းစွာနေထိုင်နိုင်ရေးဆိုင်ရာလမ်းညွှန်ချက်ကို ကျန်းမာရေးကော်မတီခွဲနှင့်လူမှု စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်မှုအဖွဲ့တို့၏ပူးပေါင်းဆောင်ရွက်မှုဖြင့် အပြီးသတ်နိုင်ခဲ့ခြင်း
- ဒုက္ခသည်များအား အဝတ်နှာခေါင်းစည်း ၄၀၀၀၀ ကျော် ဖြန့်ဝေပေးခဲ့သည်။ အိမ်ထောင်စု ၁၆၀၀၀ ကျော်နှင့် ဘော်ဒါဆောင်ကျောင်းသားများသည် တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများ လက်ခံရရှိခဲ့သည်။ နှာခေါင်းစည်း ၉၄၀၀၀ နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်း ၁၆၅၀၀ ဝယ်ယူခြင်းအတွက် စတင်လုပ်ဆောင်နေသည်။ တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းအကြောင်းလက်ကမ်းစာစောင်နှင့် အဝတ်နှာခေါင်းစည်းများ အသုံးပြုခြင်းဆိုင်ရာ လမ်းညွှန်ချက် စသည်တို့သည် တိုးတက်လာနေပြီဖြစ်ကာ ပစ္စည်းနှင့်နှာခေါင်းစည်းဖြန့်ဝေခြင်းတွင် တပေါင်းထဲထားရှိခဲ့သည်။ မယ်လနှင့်အုန်းဖြန် စခန်းများရှိ အသက်မွေးဝမ်းကျောင်းသင်တန်းများအား အဝတ်နှာခေါင်းစည်းထုတ်လုပ်နိုင်ရန် ပံ့ပိုးမှုများ ပေးခဲ့သည်။ ကိုယ့်ကိုကိုယ်ကာကွယ်နိုင်စွမ်း အလွန်အမင်းနည်းပါးသူ ၅၀၀၀ ကျော်ကို ဆပ်ပြာတုံး ၁၀၀၀၀ ကျော် ဝေပေးခဲ့သည်။
- အသံချဲ့စက်ဖြင့်ကြေငြာရာတွင် PSEA နှင့် SGBV ဆိုင်ရာ သတင်းစကားများ ထည့်သွင်းထားရှိပြီး စခန်းကိုးခုရှိ စခန်းနေပြည်သူများနှင့် ဘာသာရေးခေါင်းဆောင်များအတွက် IEC ဆိုင်ရာ သတင်းအမှာစကားစုစည်းခြင်း တိုးတက်မှုများအပေါ် စတင်ဆောင်ရွက်နေပြီဖြစ်သည်။
- လုပ်ဆောင်ဆဲတိုးတက်မှုအောက်ရှိ ပညာရေးဆိုင်ရာသတင်းစကားများ
- နှစ်ပတ်တစ်ခါ တုံ့ပြန်ချက်နှင့်တိုင်ကြားချက်များဆိုင်ရာနည်းလမ်း လုပ်ဆောင်မှု တိုးတက်လာခဲ့ပြီး စခန်းများရှိ လက်ရှိ လှုပ်ရှားဆောင်ရွက်မှုများတွင် ထည့်သွင်းခဲ့သည်။ စခန်း ၇ ခု၌ ဒုက္ခသည် ၁၇၀၀ ကျော်ကို စစ်တမ်းကောက်ယူခဲ့သည်။ အသိပညာ၊ သဘောထားနှင့်လက်တွေ့လုပ်ဆောင်မှု စစ်တမ်းကောက်ယူခြင်းကို ဆက်လက်ဆောင်ရွက်လျှက်ရှိသည်။

## လူနာကိစ္စစီမံခန့်ခွဲခြင်း

IRC (MI, CDC)*

**အဓိကအကြောင်းအရာ** - လက်ရှိဆောင်ရွက်မှုစွမ်းရည် မနိုင်မနင်းဖြစ်လာပါက လုပ်ဆောင်စွမ်းရည်ကို မြှင့်တင်ကူညီပေးရန်အတွက် လိုအပ်သောကိရိယာများနှင့်ဝန်ထမ်းများ ထားရှိခြင်း

- သီးသန့်ခွဲခြားထားရှိခြင်းနှင့် ကုသရေးအဆောက်အဦးများအားလုံးထားရှိခြင်း၊ ပြန်လည်ပြင်ဆင်ခြင်း/မွမ်းမံခြင်း လုပ်ဆောင်မှုများ ပြီးစီးခါနီးနေပြီဖြစ်သည်။
- စခန်းထဲတွင် ရောဂါဖြစ်ပွားလာပါက အလျှင်အမြန်လုပ်ဆောင်နိုင်ရန်အတွက် အဆောက်အဦးများအား အလျှင်အမြန် ရွေးချယ် သတ်မှတ်ခြင်းနှင့် ဖွံ့ဖြိုးမှုအစီအစဉ်များ ချမှတ်ခြင်း
- နမူနာစုဆောင်းခြင်းနှင့် ဘေးကင်းလုံခြုံသောသယ်ယူပို့ဆောင်ရေးဆိုင်ရာသင်တန်း ပို့ချမှု ပြီးဆုံးပြီး စခန်းများတွင် ယခုအခါ စခန်းအခြေပြုခေတ်ခွဲခန်း ဝန်ထမ်းများအတွက် ဆက်လက်ပို့ချပေးနေသည်။ ဇွန်လဒုတိယလဝက်အတွင်း စမ်းသပ်နိုင်စွမ်း အဆင်သင့် ရှိနေပြီဖြစ်သည်
- ရောဂါဖြစ်ပွားမှုစီမံခန့်ခွဲခြင်းဆိုင်ရာကျင့်ဝတ်များ ဆက်လက်တိုးတက်နေခြင်း
- ဆေးဝါးနှင့်ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ဝယ်ယူနေခြင်း

## စောင့်ကြည့်ခြင်း၊ လူနာကိစ္စစုံစမ်းစစ်ဆေးခြင်းနှင့် ဖြစ်ပွားမှုကို မြန်ဆန်စွာတုံ့ပြန်မှုပေးခြင်း

IRC (MI, CDC, WHO, MOPH, MOI)*

**အဓိကအကြောင်းအရာ** နောင်တွင်ရောဂါဖြစ်ပွားလာမည်ဆိုပါက အသင့်ပြင်ဆင်ထားခြင်းနှင့် လုပ်ဆောင်နိုင်စွမ်းကို ဆက်လက် ထိန်းသိမ်းထားခြင်း

- ထိုင်းနိုင်ငံရှိ နေရပ်စွန့်ခွာလာသူများအတွက် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၏ ပြန်လည်သုံးသပ်မှုအောက်ရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးခြင်း၊ စောင့်ကြည့်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် လျော့ချခြင်းဆိုင်ရာ လမ်းညွှန်ချက်များ
- ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှအတည်ပြုထားသည့် တုတ်ကွေးကဲ့သို့ ဖျားနာခြင်းနှင့်အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်းရှိသည့် လူနာများကို ပိုမိုကောင်းမွန်အောင် စောင့်ကြည့်စစ်ဆေးခြင်း
- စားနပ်ရိက္ခာနှင့်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာမဏ္ဍိုင်များ အပြီးသတ်ရေးဆွဲနိုင်ခဲ့ခြင်းနှင့်အတူ ယာယီစခန်းကိုးခုရှိ သီးသန့်ခွဲခြား ထားရှိခြင်းလက်တွေ့ ဆောင်ရွက်မှုများနှင့်ပတ်သက်၍သဘောထားစာတမ်း တိုးတက်မှုရှိလာခြင်း
- ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၏လက်ရှိရောဂါသတ်မှတ်ချက်အတိုင်း စောင့်ကြည့်ခြင်းဝန်ထမ်းအားလုံးကို သင်တန်းများ ပို့ချပေးခြင်း
- ရောဂါလက္ခဏာရှိသောလူနာများကို စစ်ဆေးကုသမှုများ ပြုလုပ်သွားရန်အတွက် စခန်းအားလုံးရှိဆေးရုံများတွင် ရောဂါပြင်းထန်မှုအလိုက် ခွဲခြားထားခြင်း
- လူထုစောင့်ကြည့်ခြင်းစနစ်များ လည်ပတ်ဆောင်ရွက်နေပြီး စခန်းကိုးခုလုံး၌ လူထုသီးခြားထားနေရာများ တည်ထောင်ခြင်း
- စခန်းအဝင်/အထွက်ဂိတ်များ၌ ပုံမှန်စစ်ဆေး စမ်းသပ်မှုများပြုလုပ်နေသည့် ထိုင်းအာဏာပိုင်များကို ဆက်လက်ကူညီပံ့ပိုးပေးနေခြင်း
- လူထုကျန်းမာရေးလုပ်သားများအတွက် ဆက်သွယ်ရေးခြေရာကောက်ခြင်းဆိုင်ရာသင်တန်းကို စခန်းအချို့တွင် ပို့ချပြီးဖြစ်ကာ အခြားစခန်းများတွင် ဆက်လက်ပို့ချသွားမည်ဖြစ်သည်

## ကူးစက်ရောဂါတားဆီးကာကွယ်ခြင်းနှင့်ထိန်းချုပ်ခြင်း (IPC)

IRC (MI, CDC)*

**အဓိကအကြောင်းအရာ** IPC ကျင့်ဝတ်များအား ပြည်သူလူထုက လိုက်နာမှုရှိသည်ကို သေချာစေခြင်း၊ ခွဲခြားထားရှိခြင်းနှင့် သီးသန့်ထားရှိခြင်း ဆိုင်ရာဆက်သွယ်မှုကို စီမံခန့်ခွဲခြင်း

- ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက စခန်းကိုးခုလုံးအတွက် တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်းကိရိယာ ၆ ပတ်စာနှင့် ခွဲစိတ်ခန်းသုံးနှာခေါင်းစည်းများ လစဉ်ထောက်ပံ့ပေးခြင်း
- ကိုဗစ်-၁၉ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းစံနှုန်းများသည် ဆက်လက်ပြုပြင်မွမ်းမံမှုအောက်တွင်ရှိနေဆဲဖြစ်ပြီး စခန်းကိုးခုလုံးရှိ ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများအားလုံးအတွက် သင်တန်းများဆက်လက်ပို့ချပေးနေခြင်း
- သီးခြားထားရှိခြင်းနှင့်ကုသခြင်းအတွက် ကိုဗစ်-၁၉ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ ပြုပြင်မွမ်းမံမှုအောက်တွင်ရှိနေခြင်း၊ အဆောက်အဦးများ တည်ဆောက်ခြင်းနှင့်၊ အပြန်အလှန်ဆွေးနွေးမှုများနှင့် သင်တန်းများ ဆက်လက်ပို့ချနေခြင်း
- ရောဂါပိုးမွှားဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုလုပ်ထုံးလုပ်နည်းစံနှုန်းသည် ပြုပြင်မွမ်းမံဆဲအောက်တွင်ရှိနေပြီး အချို့သောစခန်းများတွင် သင်တန်းများ စတင် ပို့ချခဲ့ခြင်း
- ဒေသတွင်းအာဏာပိုင်များနှင့် စခန်းလုံခြုံရေးများအား IPC အသေးစိတ်မွမ်းမံသင်တန်း ပို့ချပေးခဲ့ခြင်း
- စခန်းအဝင်/အထွက်နေရာများရှိ လက်ဆေးခြင်းများဆက်လက်လုပ်ဆောင်နေခြင်းကို ပံ့ပိုးပေးရန်အတွက် ဆပ်ပြာနှင့် ရေ အထောက်အပံ့များ ပေးအပ်ခဲ့ခြင်း
- အများပြည်သူနေရာများတွင် လက်ဆေးသည့်နေရာများ ထားရှိခြင်း၊ လူသွားလူလာအများဆုံးနေရာများနှင့် စာသင်ကျောင်းများတွင် ဦးစားပေး ထားရှိခဲ့ခြင်း
- ရပ်ရွာလူထုချိတ်ဆက်ဆောင်ရွက်ခြင်းအဖွဲ့မှ အိမ်ထောင်စုအဆင့်တွင် လက်သန့်ရှင်းရေးပစ္စည်းများ ပံ့ပိုးပေးခဲ့ခြင်း
- ဆေးရုံသုံးဝတ်စုံများနှင့် ခွဲစိတ်ကုသမှုဝတ်ရုံများအပါအဝင် မျက်နှာအကာများနှင့် ပြန်သုံးနိုင်သောတစ်ကိုယ်ရေကာကွယ်ရေးပစ္စည်းကိရိယာများကို ဆက်လက်ထုတ်လုပ်နေခြင်း

## စားနပ်ရိက္ခာ

TBC

**အဓိကအကြောင်းအရာ** ရေရှည်တွင် ထောက်ပံ့မှုများအပေါ်မှီခိုမှုနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာလိုအပ်ချက်များ တိုးပွားလာခြင်း

- စားသောက်ကုန်ရောင်းချသူများ၊ ကုန်ပစ္စည်းပေးသွင်းသူများနှင့် သိုလှောင်ရုံများမှ ကိုဗစ်-၁၉ ဆိုင်ရာ ရောဂါကူးစက်မှုလျော့ချရေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း
- စားသောက်ကုန်ရောင်းချသူများသည် ဆပ်ပြာ၊ အရက်ပြန်နှင့် အရောင်ချွတ်ဆေးများကို ဈေးဆိုင်များတွင် သန့်ရှင်းရန်အတွက် ထားရှိပေးခြင်း
- လက်ဆေးသည့်နေရာများကို ဈေးဆိုင်များနှင့် သိုလှောင်ရုံများတွင် တပ်ဆင်ထားခြင်း
- သီးသန့်/သီးခြားထားသည့်အခြေအနေများအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းစံနှုန်းကို အဟာရအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စခန်းကော်မတီများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အဆင့်မြှင့်တင်နိုင်ခဲ့ခြင်း၊ သီးခြား/သီးသန့်ထားသည့်နေရာများရှိ ကျန်းမာရေးအဖွဲ့ကို ကူညီနိုင်ရန်အတွက် မီးဖိုချောင်တွင်လုပ်ကိုင်နေသည့်ဝန်ထမ်းအား သင်တန်းပို့ချပေးခြင်း
- ဒုက္ခသည်များမှ အခြေခံစားနပ်ရိက္ခာပစ္စည်းများနှင့် ချက်ပြုတ်လောင်စာများ ဆက်လက်ရရှိရေး သေချာမှုရှိစေရန်အတွက် နည်းဗျူဟာ အဆင့်မြှင့်တင်ခြင်း
- ကာကွယ်စောင့်ရှောက်မှုအထူးလိုအပ်သောအိမ်ထောင်စုများသည် ဝင်ငွေအခွင့်အလမ်းဆုံးရှုံးမှု သက်သာစေရန်အတွက် အနည်းဆုံးသုံးလ (ဧပြီ မှ ဇွန်လအထိ) စားနပ်ရိက္ခာလက်ခံရရှိမည်ဖြစ်သည်။ ရန်ပုံငွေမရရှိမှုကြောင့် သာမန်မိသားစုများအတွက် ရိက္ခာကတ်တန်ဖိုးလျော့ချခြင်းကို ဇူလိုင်လမှစ၍ ရှေ့ဆက်လုပ်ဆောင်ကောင်းလုပ်ဆောင်သွားမည်ဖြစ်သည်

## ကာကွယ်စောင့်ရှောက်ခြင်းနှင့်ကိုယ်စားပြုအရေးဆိုခြင်း

UNHCR (CCSDPT agencies, KWO, KnWO, KRC, KnRC)*

**အဓိကအကြောင်းအရာ** ဒုက္ခသည်များကို နိုင်ငံတော်အဆင့်စောင့်ကြည့်ခြင်း၊ တုံ့ပြန်ခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့်အဓိကကာကွယ်ခြင်းလုပ်ဆောင်မှုများတွင် ထည့်သွင်းခြင်းပါဝင်ရေးအတွက် ကိုယ်စားပြုအရေးဆိုခြင်း

- ကိုဗစ်-၁၉ ဆိုင်ရာနိုင်ငံတော်အဆင့် စောင့်ကြည့်ခြင်း၊ တုံ့ပြန်ခြင်းနှင့် အစီအစဉ်ချမှတ်ခြင်းလုပ်ဆောင်မှုများတွင် ဒုက္ခသည်များကို ထည့်သွင်းပါဝင်စေရေးအတွက် ဆက်လက်ကိုယ်စားပြုအရေးဆိုခြင်း
- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုအန္တရာယ်လျော့ပါးစေရေးအပါအဝင် အခြားသောဦးစီးဆောင်ရွက်သူများ၏လုပ်ဆောင်မှု၌ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာနည်းလမ်းများကို ပံ့ပိုးကူညီပေးခြင်း
- ကာကွယ်စောင့်ရှောက်မှုအထူးလိုအပ်သူများ၏အချက်အလက်များကို ပြန်လည်ကောက်ယူသုံးသပ်ခြင်းအပါအဝင် ကာကွယ်စောင့်ရှောက်မှုအလိုအပ်ဆုံးသူများအတွက် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုများ ဆက်လက်ပေးခြင်းကို သေချာစေခြင်း
- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ရင်ဆိုင်ခံစားနေရသောသူများနှင့် အခြားသောအရေးကြီးသည့်စိုးရိမ်ဖွယ်ရာကာကွယ်စောင့်ရှောက်မှုလိုအပ်သည့် အမှုများအတွက် သတင်းပို့တိုင်ကြားနိုင်သည့်လမ်းကြောင်းများအပါအဝင် ပုံမှန်ထိရောက်မှုရှိသည့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စောင့်ကြည့်လေ့လာခြင်းအား ဆက်လက်ဆောင်ရွက်မှုကို သေချာစေခြင်း၊ စခန်းများအားလုံးအတွက် SGBV လွှဲပြောင်းခြင်းဆိုင်ရာလမ်းကြောင်းများ မွမ်းမံခြင်းကို အပြီးသတ်နိုင်ခဲ့ပြီး အထောက်အပံ့ပစ္စည်းအချို့ကိုလည်း ပံ့ပိုးပေးခြင်း
- ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဝန်ဆောင်မှုများ ဆက်လက်ရရှိဖို့စေချာစေရန်အတွက် စခန်းအခြေပြုဝန်ထမ်းများနှင့် စခန်းအခြေပြုအဖွဲ့အစည်းများကို အဝေးရောက်အမှုစီမံခန့်ခွဲမှုအတွက် နည်းပညာဆိုင်ရာအကူအညီများ ပေးခြင်း
- မိဘများအတွက် သင်ကြားရေးပစ္စည်းကိရိယာများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးအစုံများနှင့်လမ်းညွှန်မှုများအပါအဝင် ကိုဗစ်-၁၉ ဆိုင်ရာ ကလေးသူငယ်အကျွမ်းတဝင်အသုံးပြုနိုင်သည့်ပစ္စည်းများ မွမ်းမံခြင်းနှင့် ဖြန့်ဝေခြင်း
- စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်သော ပညာရေးဝန်ကြီးဌာန၏လမ်းညွှန်ချက်များကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုခဲ့ခြင်း
- မွမ်းမံဆဲအောက်ရှိ 'သင်ကြားရေးဆီသို့ပြန်သွားခြင်း' အပါအဝင် စခန်းများရှိ စာသင်ကျောင်းများ ဘေးကင်းစွာပြန်လည်ဖွင့်လှစ်နိုင်ရေးကို ပံ့ပိုးကူညီပေးရန်အတွက် နည်းဗျူဟာ။ ၆ ပတ်စာ ကြိုတင်ပြင်ဆင်မှုအစီအစဉ် ထားရှိခြင်း

*ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ခြင်းအတွက် ဦးဆောင်ဦးရွက်ပြုပူးပေါင်းပါဝင်ကြသောအဖွဲ့အစည်းများကို ကိုယ်စားပြုသည်